VERMONT
DEPARTMENT OF HEALTH

# Vermont မွေးစာရင်းအထောက်အထား သို့မဟုတ် သေစာရင်းအထောက်အထား တရားဝင်မိတ္တူအတွက် လျှောက်လွှာ ထပ်ဆောင်းညွှန်ကြားချက်များ

Vital Records Office
280 State Drive
Waterbury, VT 05671-8370

## အထွေထွေညွှန်ကြားချက်များ

- Vermont မွေးစာရင်းအထောက်အထား သို့မဟုတ် သေစာရင်းအထောက်အထား တရားဝင်မိတ္တူတစ်စောင်ကို တောင်းခံရန်အတွက် ပြည့်စုံစွာဖြည့်စွက်ထားပြီး လက်မှတ်ရေးထိုးထားသောလျှောက်လွှာတစ်စောင်**နှင့်** လက်ရှိမှတ်ပုံတင်ကို လိုအပ်ပါသည်။
- (မွေးစာရင်းအထောက်အထားတစ်စောင်နှင့် သေစာရင်းအထောက်အထားတစ်စောင် ကဲ့သို့သော) အထောက်အထားနှစ်မျိုးကို တောင်းခံရန် အထောက်အထားတစ်ခုစီအတွက် လျှောက်လွှာ၏ ဒုတိယမိတ္တူကို အသုံးပြုပါ။
- မတူညီသောလူပုဂ္ဂိုလ်များအတွက် သီးခြားလျှေ ာက်လွှာများဖြင့် အထောက်အထားများကို တောင်းခံပါ။
- အထေ ာက်အထားတစ်ခုတည်း၏ မိတ္တူများစွာကို လျှောက်လွှာတစ်စောင်တည်းဖြင့် တောင်းခံနိုင်သည်။
- ခရေပွင့်သင်္ကေတ(*) ဖြင့် အမှတ်အသားပြုထားသော အရာများကို ဖြည့်စွက်ရမည်။

## မွေးစာရင်းအထောက်အထား သို့မဟုတ် သေစာရင်းအထောက်အထား

- အမည်များနှင့် ာက်စွဲများကို မှန်ကန်စွာ ထည့်သွင်းပါ။ လျှောက်လွှာရှိ အချက်အလက်များတွင် မှားယွင်းမှုများရှိပါက ကျွန်ုပ်တို့သည် မှတ်တမ်းများကို ရှာဖွေနိုင်မည်မဟုတ်ပါ။
- အဖြစ်အပျက်၏ ာက်စွဲ သို့မဟုတ် အခြားသော အချက်အလက်များကို စစ်ဆေးရန် ပြည်နယ်တစ်ဝှမ်းရှိ အများပြည်သူဆိုင်ရာ အညွှန်းကို ရှာဖွေပါ- https://secure.vermont.gov/VSARA/vitalrecords/search-tool.php
- သက်ဆိုင်ပါက မိဘများ၏အမည်အေ ာက်တွင် ၎င်းတို့ပထမဆုံး အိမ်ထောင်မပြုမီ အသုံးပြုခဲ့သော မိသားစုအမည်ဟု ခေါ်သည့် မိဘ၏နောက်ဆုံးအမည်ကို အသုံးပြုပါ။

## လျှောက်ထားသူ၏အချက်အလက်

- အထေ ာက်အထားများကို လျှောက်လွှာတွင် ဖြည့်သွင်းထားသော လျှောက်ထားသူ၏စာပို့လိပ်စာသို့ ပေးပို့ပါမည်။

## အထောက်အထားတွင် ဖော်ပြထားသော ပုဂ္ဂိုလ်နှင့်တော်စပ်ပုံ

- Vermont ဥပဒေ (18 V.S.A. § 5016 (b) (2)) အရ လျှောက်လွှာ၏ဤကဏ္ဍတွင် ဖော်ပြထားသော တော်စပ်ပုံများအနက် တစ်မျိုးနှင့်တော်စပ်သော လူများကသာလျှင် မွေးစာရင်းအထောက်အထား သို့မဟုတ် သေစာရင်းအထောက်အထား၏ တရားဝင်မိတ္တူတစ်စောင်ကို တောင်းခံပိုင်ခွင့်ရှိသည်။

## မှတ်ပုံတင် စာရွက်စာတမ်း(များ)

- **လျှောက်လွှာရှိ စာရင်းမှ** လက်ရှိ၊ သက်တမ်းမကုန်သေးသော အဓိက စ ာက်စာတမ်းတစ် (1) စောင်ကို လိုအပ်ပါသည်။ သင့်တွင် အစိုးရမှထုတ်ပေးသော ဤ ID များအနက်မှ တစ်ခုမရှိပါက လျှောက်လွှာရှိ စာရင်းမှ **အခြားစာရွက်စာတမ်း နှစ် (2) စောင်** ကို လိုအပ်ပါသည်။
- မှတ်ပုံတင် စ ာက်စာတမ်း(များ) ရှိ လိပ်စာသည် လျှောက်လွှာရှိ လျှောက်ထားသူ၏စာပို့လိပ်စာနှင့် ကိုက်ညီရပါမည်။
- လျှေ ာက်လွှာတစ်စောင်ကို ပေးပို့ပါက မှတ်ပုံတင် စာရက်စာတမ်းများ၏ မိတ္တူများကို ထည့်သွင်းပါ။ မိတ္တူများကို ဖတ်ရှုနိုင်အောင် သေချာစွာ ကူးပါ။

## ညွှန်ကြားချက် အကျဉ်းချုပ်

- တရားဝင်မိတ္တူကြေးကို Vermont ဥပဒေ(18 V.S.A. § 5017) ကသတ်မှတ်သည်။
- လျှေ ာက်လွှာတွင် ညွှန်ကြားထားသည့်အတိုင်း ပေးချေနိုင်အောင် သင်၏ချက်လက်မှတ်ကိုရေးပါ သို့မဟုတ် ငွေပေးချေရန် ညွှန်ကြားချက်ကို ပြုလုပ်ပါ။
- ငွေပေးချေမှု၊ လျှေ ာက်လွှာနှင့် မှတ်ပုံတင် စာရက်စာတမ်းများကို လျှောက်လွှာတွင် ဖော်ပြထားသည့် နေရာသို့ စာတိုက်မှပို့ပါ သို့မဟုတ် ယူဆောင်သွားပါ။

## စိစစ်အတည်ပြုခြင်း

- ဖြည့်စွက်ထားသောလျှောက်လွှာရှိ အချက်အလက်များကို ပြန်စစ်ပြီးနောက် (သင်သည် အီလက်ထရောနစ်ပုံစံဖြင့် လျှောက်လွှာကို ဖြည့်သွင်းထားပါက) လျှေ ာက်လွှာကို ပရင့်ထုတ်ယူပြီးလျှင် လက်မှတ်ထိုးပါ။ ထို့နောက် သင်၏အမည်ကို တစ်လုံးချင်းရေးပြီး ရက်စွဲတပ်ပါ။